www.free4reader.com

ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည်

# ရာဇဝတ်သတင်း ဂျာနယ်

Crime News Journal

**ကူညီပါရစေ**

မြို့တော်အတွင်း ရာဇဝတ်မှုများအတွက် နေရာမရှိစေရ ။
ပြည်သူလုံခြုံမှုအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အစွမ်းကုန်ဆောင်ရွက်ပါမည် ။
ပြည်သူ့ရဲ့ ပူးပေါင်းပါဝင် ကူညီကြပါ ။
ရာဇဝတ်မှုသတင်းနှင့် ဖြစ်စဉ်များအတွက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန် ။

[illegible]

အတွဲ(၂၀)၊ အမှတ်(၄၉) ၅ ရက်၊ အောက်တိုဘာလ၊ ၂၀၁၆ ခုနှစ်

## ဒီဘဝမှာ စိတ်ညစ်လို့လားမသိဘူး သိပ်ချစ်တဲ့ ယောကျ်ားနားမှာ ဝိညာဉ်အဖြစ် အမြဲနေမယ်လို့

## သေ တမ်း စာ ရေး ပြီး သေ ကြောင်း ကြံ သွား တဲ့ အ မျိုး သ မီး

စာ(၁၇)သို့

## မြောင်းမြ ရှမ်းရေကျော်ရွာ အထက်တန်းကျောင်း တိုးချဲ့ဆောင်ဆောက်ရာမှ သင်္ချိုင်းမြေပါသွားလို့ ပရလောကသားတွေဝင်ပူးပြီး ငါတို့နေရာပြန်ပေးလို့ ဆန္ဒပြတောင်းသတဲ့

စာ(၁၈)သို့



## အမျိုးသမီးတစ်ဦးကို အဓမ္မပြုကျင့်ရန် ကြိုး စား ခဲ့ သည် ဆို သော အဝေးသင်ကျောင်းသားနှစ်ဦးကို အ မှု ဖွင့် စစ် ဆေး

စာ(၁၂)သို့



စာ(၆)သို့

## ဒေါ်ပုံကငှားလာတဲ့ တက္ကစီယာဉ်မောင်းကို သန်လျင်မှာဝိုင်းရိုက်ပြီး ထွက်ပြေးခဲ့တဲ့ တရားခံတွေကို သန် လျင် ရဲ စ ခန်း က ဖမ်း ဆီး စစ် ဆေး လိုက် တော့

## လုပ်ငန်းရှင်တစ်ဦးက လူမိုက်ငှားရိုက်ခိုင်းကြောင်းသိရ

## အိမ်အကူဘဝနဲ့ အနိုပ်စက်ခံခဲ့ရတဲ့ ကလေးနှစ်ယောက်အတွက် မင်းသမီးခိုင်နှင်းဝေက တရားစရိတ် ကုန်ကျစရိတ် ကူ ညီ မယ် တဲ့

စာ(၁၁)သို့



စာ(၂)သို့

## ဒဂုံမြို့သစ်မြောက်ပိုင်းမှာလည်း အိမ်အကူမိန်းကလေးကို ဝိုင်းနှိပ်စက်ကြတာ ဆေးရုံတက်ကုသရတဲ့ထိဖြစ်လို့ အိမ်ရှင်မိသားစုကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မနဲ့ ထပ်အမှုဖွင့်

စာ(၉)သို့

## သမီးကို အဆိုးဝါးဆုံးဒုက္ခပေးညှဉ်းဆဲခဲ့တဲ့ လူကို ထောင်ဒီလောက်ချတာလေးကတော့ ကျွန် မ အ တွက် အ တ္တ ရာယ် မြန် မြန် ရ နိုင် ပါ တယ် လို့ ခြေထောက် သံကြိုးချည်ပြီး အဓမ္မပေါင်းသင်းခံခဲ့ရတဲ့ အမျိုးသမီးလေးက သတင်းစာရှင်းလင်း

## အဒေါ်အရင်းက တူမလေးအား နိုင်ငံခြားခေါ်ညှဉ်းဆဲပြီး လုပ်ခမပေး ဖုန်းပြောခွင့်မပေး အပြင်ထွက်ခွင့်မပေးဘဲ ဒုက္ခပေးခိုင်းထားသဖြင့် ထွက်ပြေးရာမှ AAC အဖွဲ့က ကူညီပေး

စာ(၁၀)သို့

www.free4reader.com



# နိုင်ငံတကာ မှုခင်းများ

■ အောင်ကိုခိုင် စုစည်းတင်ပြသည် ■

## ဘီယာမူးပြီး အပေါ့သွားတဲ့မမ အိမ်သာနဲ့အတူ လေထဲမြောက်တက်သွား

အင်္ဂလန်နိုင်ငံမှာ အမျိုးသမီးတစ်ဦးဟာ ဘီယာပွဲတော်တစ်ခုမှာ နည်းနည်းများသွားပြီး ရှုရှုးပေါက်ချင်လာလို့ မှုမှုနဲ့ အနီးအနားက ယာယီဖိုင်ဘာအိမ်သာ လေးတွေထဲမှာ သွားပြီးထုတ်ပါတယ်။ သူမဟာ ဘီယာမူးပြီး ထိုအထဲမှာ အိပ်ပျော်သွားခဲ့ပါတယ်။ အဲဒီအချိန်မှာ အဲဒီဘီယာပွဲကျင်းပရာနေရာမှာ ပြဿနာတစ်ခုတက်လာပါတယ်။



ဘီယာပွဲကျင်းပတဲ့ကွက်လပ်အနီးမှာ ဘီယာချစ်သူ ကိုကိုမမတွေ Piss ထုတ်နိုင်ဖို့ ပွဲကျင်းပသူက စိတ်ကူးကောင်းကောင်းနဲ့ ဖိုင်ဘာအိမ်သာလေးတွေ ထားပေးထားပါတယ်။ ဒါပေမဲ့ အနီးပတ်ဝန်းကျင်ကလူတွေက ထိုအိမ်သာတွေကနေ အနံ့ထွက်တယ် မခံနိုင်ဘူးဆိုပြီး စည်ပင်အဖွဲ့ကို တိုင်တဲ့အတွက် စည်ပင်သာယာက ကုန်သေတ္တာတင် ကားကြီးတစ်စီးနဲ့ ဖော့ကလစ်ကားတစ်စီး ရောက်ရှိလာပြီး အိမ်သာတွေကို မ,ရွှေ့တင်ဆောင်သွားကြပါတယ်။ အိမ်သာတစ်ခုထဲမှာ အိပ်ပျော်နေတဲ့ ဘီယာမမလည်း တစ်ခါတည်းပါသွားပါတယ်။ သူမ သတိရတဲ့အခါ အိမ်သာဟာ လေထဲမြောက်တက်သွားသလို ခံစားရပြီး ကြောက်အားလန့်အားအော်ဟစ်ပါတယ်။ ဒါပေမဲ့ ဖော့ကလစ်သမားက မကြားဘဲ ကုန်ကားကြီးပေါ်တင်ဆောင်ပြီး စည်ပင်ရုံးသို့ မောင်းနှင်သွားပါတယ်။ ဟိုရောက်လို့ အိမ်သာတွေပြန်ချတဲ့အခါကျမှ ထိုအမျိုးသမီးရဲ့ အော်ဟစ်ထုရိုက်သံတွေကြားရလို့ ဝန်ထမ်းတွေက တွေ့ရှိကယ်ဆယ်နိုင်ခဲ့တာဖြစ်ပါတယ်။

## ကုလသမဂ္ဂညီလာခံက ရက်အင်ဒီးယန်း



ဂျီနီဗာမှာကျင်းပနေတဲ့ ကုလသမဂ္ဂအထွေထွေညီလာခံ လူ့အခွင့်အရေးကောင်စီမှာ အမေရိကန်နိုင်ငံရဲ့ ကျောက်ဆောင်ထူထပ်တဲ့ဒေသတစ်ခုက ရက်အင်ဒီးယန်းလူမျိုးစုတွေရဲ့ ခေါင်းဆောင် လူနီကိုဒေ့စ်အာချမ်ဘောလ်တ်ဟာ သူ့ဒေသ ဒါကိုတာပြည်နယ်မှာ ရေနံပိုက်လိုင်းသွယ်တန်းတာကို ကန့်ကွက်ကြောင်း မိန့်ခွန်းတက်ရောက်ပြောကြားခဲ့တဲ့ပုံဖြစ်ပါတယ်။

## ကုလသမဂ္ဂညီလာခံနဲ့ အပြိုင်ဖြစ်ခဲ့တဲ့ အဓိကရုဏ်း

ဆွစ်ဇာလန်မှာ ကုလသမဂ္ဂအထွေထွေညီလာခံကို ကျင်းပတဲ့ရက်မှာပဲ အမေရိကန်နိုင်ငံ မြောက်ကယ်ရိုလိုင်းနားပြည်နယ် Charlotte (ရှားလော့တ်)မြို့မှာ လူမည်းတစ်ဦးကို ရဲတပ်ဖွဲ့ဝင်တွေက အိမ်ရာတစ်ခုရဲ့ ကားပါကင်ကွက်လပ်မှာ ပစ်သတ်ခဲ့တာကို မကျေနပ်တဲ့အတွက် လူပေါင်းများစွာဟာ ညသန်းခေါင်တိုင်အောင် လမ်းမတွေမှာ ဆန္ဒပြနေကြပါတယ်။ ပုံမှာမြင်ရတာကတော့ ဆန္ဒပြသူတွေကို လမ်းပိတ်ထားပြီး မျက်ရည်ယိုဗုံးတွေနဲ့ ပစ်ခတ်နှိမ်နင်းနေတဲ့ ရဲတပ်ဖွဲ့ဝင်များဖြစ်ပါတယ်။



## ပြည်တွင်းစစ်ရဲ့သားကောင် ကင်မရာမင်း



ကိုလံဘီယာနိုင်ငံမှာ (FARC) ဖာ့စ်သူပုန်တွေနဲ့ အစိုးရဟာ နှစ် ၅၀ ကျော်ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်ကို အမှန်တကယ် အဆုံးသတ်ခဲ့ပြီဖြစ်ပါတယ်။ ဖာ့စ်သူပုန်တွေဟာ နိုင်ငံရေးပါတီတစ်ခုအဖြစ် ပြောင်းလဲပြီး ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ပုံမှာမြင်ရတာကတော့ ဖာ့စ်သူပုန်တို့နဲ့ တိုက်ခိုက်ခဲ့တဲ့ စစ်ပွဲတစ်ခုမှာ ဒဏ်ရာရရှိပြီး လက်မှစ်ဖက်စလုံး ပြတ်သွားတဲ့ ကိုလံဘီယာစစ်သားတစ်ဦးဟာ သူပုန်တွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ သူပုန်စခန်းကို လာရောက်စဉ် အမှတ်တရ ဓာတ်ပုံရိုက်ကူးနေတာ ဖြစ်ပါတယ်။

## ပါလီမန်တဲ့လားဗျာ



ဒီပုံကတော့ ဒီမိုကရေစီသွေးနုသေးနုနိုင်ငံတွေ သင်ခန်းစာယူစရာပါပဲ။ မကြာခင်ကမှ ရွေးကောက်ပွဲကျင်းပပြီးစီးခဲ့တဲ့ အာဖရိကတိုက် ဂါဘွန်နိုင်ငံမှာ ရွေးကောက်ပွဲလွန်ကာလ ရှုံးနိမ့်သွားတဲ့ အာဏာရှင်ဟောင်းတွေရဲ့ လက်ချက်လို့ယူဆရတဲ့ မြို့တော် Libreville က ပါလီမန်အဆောက်အအုံကို မီးရှို့ဖျက်ဆီးမှုမှာ ခမ်းနားလှတဲ့ ပါလီမန်ရဲ့ အတွင်း Theatre ထိုင်ခုံများအားလုံး မီးလောင်ကျွမ်းသွားတဲ့ မြင်ကွင်းဖြစ်ပါတယ်။

## ခေါင်းကွဲပြန်ပြီ ကျောင်းသူတစ်ယောက်



တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘာ့ဂ်မြို့မှာ Witwaterstarand တက္ကသိုလ်က ကျောင်းသားတွေဟာ အခမဲ့တက္ကသိုလ်ပညာရေးစနစ် ဖော်ဆောင်ပေးဖို့ ဆန္ဒပြရာမှာ အဓိကရုဏ်း ရဲတပ်ဖွဲ့ဝင်တွေက ရိုက်နှက်လူစုခွဲတဲ့အတွက် ကျောင်းသူတစ်ဦး ခေါင်းကွဲသွားတာကို တွေ့ရတာပါ။ တောင်အာဖရိကနိုင်ငံတစ်ဝန်း တက္ကသိုလ်ကျောင်းသားတွေဟာ အဆိုပါအခွင့်အရေးအတွက် ဆန္ဒပြနေတာ ယခုအခါ ရက်သတ္တ ၃ ပတ်ရှိပြီဖြစ်ပါတယ်။

❖ ❖ ❖

သ တင်း ပေး ပါ ရန် နှင့်

ထိုက်တန်သော ဆုချီးမြှင့်မည်ဖြစ်ပါကြောင်း




အထက်ပါဓာတ်ပုံပိုင်ရှင် ဦးနိုင်ဝင်းဦး(ဘ)ဦးစိန်မြင့်(၁၂/လကန(နိုင်)၁၈၄၂၄၉) ကိုင်ဆောင်ပြီး အမှတ်(ဏ/၁၄)၊ ပန်းခြံ(၂၂)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူသည် ကုမ္ပဏီပိုင်ပစ္စည်းများနှင့် ငွေကြေးများကို အလွဲသုံးစားပြုလုပ်၍ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် လှိုင်သာယာမြို့နယ်တရားရုံးမှ ရာဇဝတ်အထွေထွေမှုအမှတ် ၆၅၂/၂၀၁၅ ဖွင့်လှစ်ဆောင်ရွက်ပြီး တရားခံပြေးအဖြစ်လည်းကောင်း၊ ၎င်းနှင့်အတူ ငွေကြေးများကို အလွဲသုံးစားပြုလုပ်သူ မင်းသူမြင့်မှာ လှိုင်သာယာမြို့နယ်တရားရုံးမှ အလုပ်နှင့် ထောင်ဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ ဦးနိုင်ဝင်းဦးမှာ တရားခံပြေးဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ဦးနိုင်ဝင်းဦးအား တွေ့ရှိသိရှိသူများမှ အောက်ပါဖုန်းနံပါတ်သို့ သတင်းပေးပါရန်နှင့် သတင်းပေးနိုင်သူအား ထိုက်တန်သော ဆုချီးမြှင့်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးရဲအောင်

၀၉-၇၈၀-၁၆၅၄၄၈